# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရက်စွဲ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်

## ညွှန်ကြားချက်အမှတ် ( ၁ / ၂၀၁၉ )

အကြောင်းအရာ။ **ဘဏ်များမှ ထုတ်ချေးသော ချေးငွေများအပေါ် ဘဏ်များမှ တောင်းခံနိုင်သည့် အတိုးနှုန်းများ (Lending Rates) ပြင်ဆင်သတ်မှတ်ခြင်းကိစ္စ**

ရည်ညွှန်းချက် ။ (၁) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၂၇-၁၂-၂၀၁၁) ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁၀/၂၀၁၁)

(၂) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၂၇-၁၂-၂၀၁၁) ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁၁/၂၀၁၁)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ-၄၈ အရ၊ ဘဏ်များမှ ထုတ်ချေးသော ချေးငွေများအပေါ် တောင်းခံနိုင်သည့် အတိုးနှုန်းများကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) အောက်ပါအာမခံပစ္စည်းများရယူ၍ ထုတ်ချေးသည့် ချေးငွေများအပေါ် တောင်းခံနိုင်သည့် အမြင့်ဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်း အထက် (၃)ရာခိုင်နှုန်း (၁၀ % + ၃% = ၁၃%) ထက် ကျော်လွန်၍ ကောက်ခံခြင်း မပြုရ-

- မြေနှင့် အဆောက်အဦ၊ ရွှေ-ရွှေထည်ပစ္စည်း၊ စိန်နှင့် အဖိုးတန်ကျောက်မျက်ရတနာများ၊ ငွေစုလက်မှတ်၊ အစိုးရငွေတိုက်စာချုပ်၊ စာရင်းသေအပ်ငွေ(အချိန်ပိုင်းအပ်ငွေ)၊ အပေါင်ပြုနိုင်သည့် ငွေချေးသက်သေခံလက်မှတ်များနှင့် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ၊ လက်ရောက်အပေါင်(Pledge)၊ ချေးငွေအာမခံ (Credit Guarantee) ဖြင့် ချေးငွေများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အခါအားလျော်စွာ သတ်မှတ်သည့် အပေါင်ပစ္စည်းများစသည်တို့ကို အခြေပြု၍ ထုတ်ချေးသော ချေးငွေများ။

(ခ) အထက်အပိုဒ် (က) ပါ အာမခံပစ္စည်းများမှအပ အခြားအာမခံပစ္စည်း ရယူ၍ ဖြစ်စေ၊ အာမခံပစ္စည်းရယူခြင်း မပြုဘဲဖြစ်စေ၊ ထုတ်ချေးသည့် ချေးငွေများ အပေါ် တောင်းခံနိုင်သည့်အမြင့်ဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်း အထက် (၆)ရာခိုင်နှုန်း (၁၀% + ၆% = ၁၆%) ထက် ကျော်လွန်၍ ကောက်ခံခြင်း မပြုရ။

၂။ ရည်ညွှန်းချက်(၁) ပါ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၂၇-၁၂-၂၀၁၁) ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်အမှတ် (၁၀/၂၀၁၁) အရ သတ်မှတ်သော မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏အတိုးနှုန်း (Bank Rate) သည် (၁၀)ရာခိုင်နှုန်းအတိုင်း မပြောင်းလဲဘဲ ဆက်လက်တည်ရှိသည်။

၃။ ရည်ညွှန်းချက်(၂)ပါ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၂၇-၁၂-၂၀၁၁) ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်အမှတ် (၁၁/၂၀၁၁) ၏ အပိုဒ်(၂-က) အရ သတ်မှတ်သော ငွေစုဘဏ်အပ်ငွေ၊ ငွေစုလက်မှတ်နှင့် အချိန်စေ့မှ ပေးရမည့် အပ်ငွေတို့အပေါ်တွင် ပေးရသည့် အနည်းဆုံးအတိုးနှုန်းသည် ဗဟိုဘဏ်အတိုးနှုန်းအောက် (၂)ရာခိုင်နှုန်း (၁၀% - ၂% = ၈%) ထက်မနည်းစေရဟူသော သတ်မှတ်ချက်သည် မပြောင်းလဲဘဲ ဆက်လက်တည်ရှိသည်။

၄။ အထက်အပိုဒ်(၁)ပါ အမြင့်ဆုံးအတိုးနှုန်းဆိုသည်မှာ ချေးငွေအပေါ် သတ်မှတ်သော အတိုးနှုန်းနှင့် ယင်းချေးငွေနှင့်ပတ်သက်၍ အခြားကောက်ခံသည့် အခကြေးငွေများ (ကတိခံကြေး၊ စီမံခန့်ခွဲမှုစရိတ်အဖြစ် တစ်လုံးတည်း (သို့မဟုတ်) အလီလီကောက်ခံသည့်စရိတ်၊ အခြားစရိတ်များ) အပါအဝင် စုစုပေါင်းကောက်ခံနိုင်သည့်နှုန်းကို ဆိုလိုခြင်းဖြစ်၍ မည်သည့် နည်းနှင့်မျှ အမြင့်ဆုံးသတ်မှတ်ထားသော အတိုးနှုန်းထက်ကျော်လွန်ခြင်း မရှိစေရန် လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

၅။ ဤညွှန်ကြားချက်သည် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိစေရမည်။

ဥက္ကဋ္ဌ (ကိုယ်စား)
( စိုးသိန်း၊ ဒုတိယဥက္ကဋ္ဌ )

**ဖြန့်ဝေခြင်း**

ဘဏ်များအားလုံး

မိတ္တူကို

ရုံးလက်ခံ / မျှောစာတွဲ